


VOLUME I, ISSUE 15 24 January 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား | ၁ |
| ၂ | မန္တလေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးနှင့် တရားလွှတ်တော် အဆောက်အဦဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့် | ၇ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နို့စားနွားမွေးမြူရေးစီမံကိန်း(ထုံးဘို)နှင့် မာဘယ် ကျောက်ပြားထုတ်လုပ်ရေးစက်ရုံ(မန္တလေး)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေး | ၁၀ |
| ၄ | ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅) နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပပြုလုပ် | ၁၂ |
| ၅ | ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအား နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လက်မခံရှုတ်ချသွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် | ၁၄ |
| ၆ | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး | ၁၅ |

|  | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီး အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့်<br>အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်-၂၀၂၂ ကျင်းပ | ၁၆ |
| ၈ | တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၁)နှင့် တပ်မတော်(ရေ)<br>အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၅) သင်တန်းဆင်းပွဲကျင်းပ | ၁၇ |
| ၉ | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီတို့<br>video conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေး | ၁၉ |
| ၁၀ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား<br>တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၂၀ |
| ၁၁ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက် | ၂၃ |
| ၁၂ | ရှမ်းပြည်နယ် ပင်လောင်းနှင့် တန့်ယန်းမြို့နယ်တို့တွင် ဘိန်းခင်းများဖျက်ဆီး | ၂၄ |
| ၁၃ | လွိုင်ကော်မြို့အနီး KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက<br>ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှုများ<br>ထပ်မံကျူးလွန် | ၂၆ |
| ၁၄ | ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်<br>တရားခံများအား ဖမ်းဆီးရမိ | ၂၉ |
| ၁၅ | PDF အကြမ်းဖက်သမားများက စာသင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများအား<br>အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ် | ၃၄ |
| ၁၆ | မင်းကင်းမြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က အပြစ်မဲ့ပြည်သူများအား<br>ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်မှုကျူးလွန် | ၃၅ |
| ၁၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၌ ခရီးသည်တင်မော်တော်ယာဉ်<br>၁ စီးအား PDF အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက် | ၃၇ |
| ၁၈ | ဖောင်းပြင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးစခန်းများကို အကြမ်းဖက်သမားများက<br>သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက် | ၃၈ |
| ၁၉ | အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသူများအား စစ်ခုံရုံးဖြင့် ထိရောက်သည့်<br>ပြစ်ဒဏ်များအမိန့်ချမှတ် | ၃၈ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂)ကို ဇန်နဝါရီလ ၂၀ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်–

- တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် အလုပ်သဘောချစ်ကြည်ရေးခရီးစဉ်လာရောက်ခဲ့ပြီး ဧပြီလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး ဘုံသဘောတူညီချက် ၅ ချက်နှင့်ပတ်သက်၍ ဦးတည်ဆွေးနွေးနိုင်ခဲ့ကြောင်း။
- ပထမဆုံးအချက်ဖြစ်သည့် အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်နေသူများအနေဖြင့် အကြမ်းဖက်မှုရပ်ဆိုင်းပြီး တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ရန်ဆွေးနွေးခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် အကြမ်းဖက်အဖွဲ့များ၏ ကွဲပြားခြားနားမှုများ၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အမြဲမပြတ်ဆောင်ရွက်နေမှုများနှင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရေးဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း။
- အာဆီယံလူသားချင်း စာနာထောက်ထားမှုနှင့်သက်ဆိုင်သည့်ထောက်ပံ့ပစ္စည်းများ ကူညီထောက်ပံ့နိုင်ရေးဆိုင်ရာကိစ္စများကိုလည်း ဆွေးနွေးနိုင်ခဲ့ပြီး မိမိတို့အနေဖြင့် လက်ခံပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း။
- သာမန်ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူမှု၊ အကြမ်းဖက်မှု၊ ဖောက်ခွဲဖျက်ဆီးမှုနှင့် သတ်ဖြတ်မှုများအထိဆောင်ရွက်လာခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။
- မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ၏စီးပွားရေးပြန်လည်ကောင်းမွန်စေရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုမြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် အဆိုပါအားသာချက်ကို အသုံးချရမည်ဖြစ်ကြောင်း၊ ယခုအခါ စားသောက်ကုန်များအထိုက်အလျောက်ထုတ်လုပ်နိုင်ခဲ့၍ ပြည်ပပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ပြီဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းတင်ပြနေမှု**

- လူမှုရေးနှင့်ပတ်သက်၍ စာသင်ကျောင်းများအား ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ရပြီး ယခုအခါ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ နိုင်ငံ၏အနာဂါတ်အတွက် ကျောင်းသား၊ ကျောင်းသူများအားလုံး စာမေးပွဲအောင်ရုံသာမက အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း။
- ပညာရေးနှင့်ပတ်သက်၍ တတ်နိုင်သမျှ ရာနှုန်းပြည့်တိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်များကိုလည်း ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းတက်ရာခိုင်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း။
- ကျန်းမာရေးနှင့်ပတ်သက်၍ ဆရာဝန်များ CDM ပြုလုပ်ကြပြီး ဆူပူအကြမ်းဖက်သည့်အဖွဲ့များတွင် သွားရောက်နေကြသူများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ခြင်း၊ ကိုယ်ပိုင်ဆေးခန်းများဖွင့်လှစ်ခြင်းနှင့် ပြည်ပသို့ သွားရောက်ခြင်းများရှိသဖြင့် မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေမှုများရှိကြောင်း။
- လုံခြုံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ အမြဲမပြတ်ဆောင်ရွက်လျက်ရှိပြီး လက်မှတ်ရေးထိုးထားခြင်းမရှိသောအဖွဲ့များနှင့်လည်း အလွတ်သဘောဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း။
- လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့ထဲတွင်ပါဝင်သည့် KIA နှင့် KNPP အဖွဲ့တို့သည် CDM ပြုလုပ်ခဲ့သည့်အဖွဲ့များကို ထောက်ပံ့ပေးပြီး ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် လက်နက်ခဲယမ်းများထောက်ပံ့ပေးခြင်း၊ ၎င်းတို့ကိုယ်တိုင် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်၍ လမ်းကြောင်းများ၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။
- ယခုအခါကယားပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် ဒေသတည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းပြည်နယ်၊ ထန်တလန်မြို့တွင်လည်း ချင်းပြည်နယ် NLD အဖွဲ့နှင့် CNF အဖွဲ့များပူးပေါင်း၍ အကြမ်းဖက်မှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏အိမ်များ မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ရကြောင်း။
- စစ်ကိုင်းတိုင်းအထက်ပိုင်းတွင်လည်း အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် CDM ပြုလုပ်ပြီး အကြမ်းဖက်မှုများ ဆောင်ရွက်နေသူများအား ဖမ်းဆီးရမိခဲ့ပြီး အချို့ကိုလည်း သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း။
- ယခုအခါ ပစ်ခတ်သတ်ဖြတ်မှုများနည်းပါးလာပြီဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများနှင့် ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေးဝန်ထမ်းများအား အကြောင်းမဲ့သတ်ဖြတ်ခြင်းသည် နိုင်ငံတော်အစိုးရအား ဆန့်ကျင်ခြင်းမဟုတ်ဘဲ တိုင်းပြည်ပျက်စီးစေရန် အတွက် ပြုလုပ်နေသော မိုက်မဲသည့်အပြုအမူများပင်ဖြစ်ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် စိန်ရတု ပြည်ထောင်စုနေ့သည် နိုင်ငံတော်အတွက် ထူးခြားလေးနက်သည့်နေ့တစ်နေ့ဖြစ်ပြီး မိမိအနေဖြင့် ယခုနှစ်တွင် နိုင်ငံ၏အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ၂၀၁၁ ခုနှစ်

နောက်ပိုင်းရရှိခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အပေါ်တွင် အခြေခံပြီး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- NLD အစိုးရလက်ထက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်ပါဝင်သည့် ပုဒ်မ ၅၉(စ)ကို ပြင်ဆင်ရန်အတွက် မိမိထံသို့ မကြာခဏလာရောက်ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုသွားနေခြင်းဖြစ်ကြောင်း။
- ပြည်ထောင်စု ဟူသောစကားသည် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်သဖြင့် မိမိတို့အနေဖြင့် အလေးထားအကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးတူညီသည့် အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း ဦးစားပေး၍မရနိုင်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် NCA နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် အခြေခံ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ထိခိုက်မှုမရှိပါက လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း။
- ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ ပြည်နယ်နှင့်တိုင်း ဖွံ့ဖြိုးတိုးတက်မှုများတွင် မမျှတမှုများရှိသဖြင့် တစ်နိုင်ငံလုံးရှိ ဒေသအားလုံး ဆူကြုံအနိမ့်အမြင့်ကွာခြားမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ ကွာခြားမှုများကြောင့် ပဋိပက္ခများဖြစ်ပေါ်ခဲ့ရကြောင်း၊ ပညာရေးကွာခြားမှုများ များပြားလွန်းသဖြင့် မိမိတို့အနေဖြင့် KG+9 ကို ပြည်နယ်နှင့်တိုင်းအားလုံးရအောင် ပညာရေးမြှင့်တင်မှုများ လုပ်ပေးရမည်ဖြစ်ကြောင်း။
- ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည်တို့ကို ဒေသတွင်း၊ ဒေသလိုက် ကွာခြားချက်မများအောင် လုပ်ဆောင်ရာတွင် ပညာတတ်များ များစွာလိုအပ်ကြောင်း၊ တိုင်းပြည်အနာဂတ်အတွက် ပညာရေးမြှင့်တင်မှုများကို ကျေးလက်အရောက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- ဆရာဝန်များမွေးထုတ်မှုနှင့်ပတ်သက်၍ လာမည့်ပညာသင်နှစ်များတွင် ပညာသင်ကြားရေး၌ နိုင်ငံတော်တာဝန်ထမ်းဆောင်မည့်သူမဟုတ်ဘဲ မိမိကိုယ်ပိုင် ဆေးကုသခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ပညာသင်ကြားရေးတွင် ငွေကြေးကောက်ခံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမှသာ နိုင်ငံတော်ရှိ ဆေးရုံများအတွက် လိုအပ်သည့်ဆေးဝန်ထမ်းများ လုံလောက်စွာဖြည့်တင်းနိုင်မည်ဖြစ်ကြောင်း။
- မိုးစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ယခုနှစ်အတွင်း စိုက်ပျိုးမှုများအောင်မြင်ဖြစ်ထွန်းပြီး ရာနှုန်းပြည့်နီးပါးအောင်မြင်မှုရရှိကြောင်း၊ စပါးအထွက်နှုန်းအား ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သောကြောင့် နိုင်ငံခြားဝင်ငွေများရရှိမည်ဖြစ်သကဲ့သို့ တောင်သူများအနေဖြင့်လည်း ငွေကြေးပိုမိုရရှိပြီး ပြည်တွင်း ငွေကြေးလည်ပတ်မှုပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း။
- ဒေသဝမ်းစာဖူလုံရေးအတွက် ဒေသအတွင်း စပါးအထွက်နှုန်းတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်၍ ပြင်ပမှဝယ်ယူစားသုံးမှုများလျှော့ချနိုင်ခြင်းဖြင့် ဒေသအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှုများကောင်းမွန်ပြီး ဒေသတွင်းတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း။
- နိုင်ငံခြားကုန်သွယ်မှုနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်သည့် နိုင်ငံတိုင်းတွင် ပြည်တွင်းတိုင်းရင်းသားများရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ကြရကြောင်း၊ မိမိတို့နိုင်ငံသည် ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းနိုင်ရေးအတွက် တပ်မတော်က နိုင်ငံတော်တာဝန်အား စတင်တာဝန်ယူချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ဖော်ဆောင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ၁၉၉၀ ပြည့်နှစ်တွင်စတင်လက်ခံခဲ့ကြောင်း။
- လက်ရှိအခြေအနေတွင် မိမိတို့နိုင်ငံ၌ စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအများဆုံး၊ တရုတ်နိုင်ငံက ဒုတိယအများဆုံးနှင့် ထိုင်းနိုင်ငံက တတိယအများဆုံးဖြစ်ကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုတွင် ယခင်နှစ်များက နှစ်စဉ်လိုငွေ ၁ ဘီလီယံခန့်ရှိခဲ့ပြီး ယခု ၂၀၂၀-၂၀၂၁ ခုနှစ်မှစ၍ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၅၃၂ ဒသမ ၃၆ သန်းရှိခဲ့ကြောင်း။
- အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အုပ်ချုပ်မှုလုပ်ငန်းများ ယခုထက်ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်အဆင့်များကို ထပ်မံတိုးချဲ့ဖွဲ့စည်းရေး ဆောင်ရွက်လျက်ရှိကြောင်း။
- နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံများစာရင်း Least Developed Countries တွင် မြန်မာနိုင်ငံအပါအဝင် ၄၆ နိုင်ငံရှိကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံကိုဦးဆောင်သည့် အဖွဲ့အစည်းများက ကြိုးစားနေကြကြောင်း၊ သဘာဝကပေးသော တိုင်းပြည်၏ထုတ်ကုန်ပစ္စည်းအရ ချမ်းသာခြင်းကို ကျေနပ်နေလို့မဖြစ်ဘဲ နိုင်ငံအားလုံးက ကြိုးစားအားထုတ်မှုဖြင့် အလုပ်လုပ်ကြရမှာဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့မှ ရှင်းလင်းတင်ပြနေမှု**

- နိုင်ငံတိုင်းက Movement အားလုံး၊ Activities အားလုံးဖြင့် သွားနေကြချိန်တွင် မကြိုးစားသည့်တိုင်းပြည်က ကျန်ခဲ့မှာဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ကျောင်းများ၊ ဆေးရုံများကို ဖွင့်ပေးထားကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်၍လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လမ်းကြောင်းဖွင့်ပေးထားကာ စနစ်တကျဖြင့်လုပ်ဆောင်ကြရန် အစိုးရဌာနများက ဦးဆောင်ပြီး ပညာပေးထားကြောင်း၊ သို့သော် တစ်ကယ်လုပ်ရမှာက ကာယကံရှင်ကိုယ်တိုင်ပင်ဖြစ်ကြောင်း၊ ဒေသအလိုက်ဆင်းရဲကွာခြားမှု၊ ဆူကြုံနိမ့်မြင့်ကွာခြားမှုပပျောက်အောင် ကိုယ်တိုင်ကြိုးစားအားထုတ်မှုနှင့် လုပ်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ကလည်း ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း။
- ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင်လည်း တိုင်းရင်းသားရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်တို့ကို အကြောင်းပြနေခြင်းကြောင့် ငြိမ်းချမ်းရေးမရရှိကြောင်း၊ ငြိမ်းချမ်းရေးတွင် တကယ့် Fair ဖြစ်မည့်အကြောင်းအရာကို ဆွေးနွေးခြင်း၊ နားလည်သည့်သူများက နားမလည်သည့်သူများကို လက်တွဲခေါ်ပေးခြင်းဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်ပါက ငြိမ်းချမ်းရေးမရစရာအကြောင်းမရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့် အဆိုပါအချက်များကိုလည်း ထည့်သွင်းစဉ်းစားပြီးဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ တွေ့ဆုံပွဲများကို သင့်တော်သည့်အချိန်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ၏ အခွင့်အရေးကိစ္စများ စဉ်းစားဆောင်ရွက်ရာတွင် လူမျိုးစုအနည်းငယ်အတွက်သာ စဉ်းစားဆောင်ရွက်ခြင်းမပြုဘဲ တိုင်းရင်းသားအားလုံး၏အရေးကို စဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားအခွင့်အရေးများနှင့်စပ်လျဉ်း၍ နစ်နာမှုများရှိပါက တိုင်ကြားနိုင်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- အကျဉ်းသားများဥပဒေနှင့်အညီ အခွင့်အရေးရရှိရန် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများရှိ ယဉ်ကျေးမှုပြတိုက်များကို တိုးချဲ့၍ အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များရှိ စာကြည့်တိုက်များတွင် လိုအပ်သည့်စာအုပ်စာစောင်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရန်ပုံငွေ တိုးမြှင့်ချထားပေးလျက်ရှိကြောင်း။
- မိမိတို့တာဝန်ယူသည့်အချိန်တွင် ပြည်ထောင်စုနေ့သည် စိန်ရတုနှင့် တိုက်ဆိုင်သည့်အတွက် သမိုင်းမှတ်တမ်းကျန်ရှိစေရန် ခမ်းခမ်းနားနားကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံနှင့် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လူနေမှုဘဝ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်ရမည်ဖြစ်ကြောင်း၊ တိုးတက်ရေးအတွက် လေးစားမှုနှင့် အလေးထားမှုသည် အရေးကြီးကြောင်း။
- မိမိတို့ကောင်စီဝင်များအနေဖြင့် ပြည်သူလူထုကို စည်းရုံးဆောင်ရွက်ကြရာတွင် လေးစားမှုနှင့် အလေးထားမှုကို ရှင်းလင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၁-၁-၂၀၂၂)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များမှ ရှင်းလင်းတင်ပြနေသည့် မှတ်တမ်းဓာတ်ပုံများ













- မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ၏စီးပွားရေးပြန်လည်ကောင်းမွန်စေရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုမြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ယခုအခါ စားသောက်ကုန်များ အထိုက်အလျောက်ထုတ်လုပ်နိုင်ခဲ့၍ ပြည်ပပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ပြီဖြစ်။
- မိမိတို့အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ အမြဲမပြတ်ဆောင်ရွက်လျက်ရှိပြီး လက်မှတ်ရေးထိုးထားခြင်းမရှိသော အဖွဲ့များနှင့်လည်း အလွတ်သဘောဆွေးနွေးမှုများပြုလုပ်လျက်ရှိ။
- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့သည် နိုင်ငံတော်အတွက် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်။
- မိမိအနေဖြင့် ယခုနှစ်တွင် နိုင်ငံ၏အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကိုဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ၂၀၁၁ ခုနှစ် နောက်ပိုင်းရရှိခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အပေါ်တွင် အခြေခံပြီး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်။
- ငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် NCA နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင်အခြေခံ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ထိခိုက်မှုမရှိပါက လက်ခံဆွေးနွေးသွားမည်ဖြစ်။
- ဒေသအလိုက်ဆင်းရဲကွာခြားမှု၊ ဆူကြုံနိမ့်မြင့်ကွာခြားမှုပပျောက်အောင် ကိုယ်တိုင်ကြိုးစားအားထုတ်မှုနှင့် လုပ်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ကလည်း ဖြည့်ဆည်းပေးရမည်ဖြစ်။
- တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ တွေ့ဆုံပွဲများကို သင့်တော်သည့်အချိန်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့အနေဖြင့် တိုင်းရင်းသားများ၏ အခွင့်အရေးကိစ္စများ စဉ်းစားဆောင်ရွက်ရာတွင် လူမျိုးစုအနည်းငယ်အတွက်သာ စဉ်းစားဆောင်ရွက်ခြင်းမပြုဘဲ တိုင်းရင်းသားအားလုံး၏အရေးကို စဉ်းစားဆောင်ရွက်ပေးလျက်ရှိ။
- မိမိတို့တာဝန်ယူသည့်အချိန်တွင် ပြည်ထောင်စုနေ့သည် စိန်ရတုနှင့် တိုက်ဆိုင်သည့်အတွက် သမိုင်းမှတ်တမ်းကျန်ရှိစေရန် ခမ်းခမ်းနားနားကျင်းပဆောင်ရွက်သွားမည်ဖြစ်။

# မန္တလေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးနှင့် တရားလွှတ်တော် အဆောက်အဦဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်






မန္တလေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးနှင့် တရားလွှတ်တော်အဆောက်အဦဖွင့်ပွဲ အခမ်းအနားများကို ဇန်နဝါရီလ ၂၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါရုံးနေရာများ၌ သီးခြားစီကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဥပဒေချုပ်ရုံးနှင့် တရားလွှတ်တော်အဆောက်အဦဖွင့်ပွဲအခမ်းအနားများကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အဆောက်အဦများအတွင်း လှည့်လည်ကြည့်ရှု၍ ဥပဒေချုပ်ရုံးမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပါသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်အစည်းအဝေးခန်းမအတွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ တရားလွှတ်တော်ရုံးအဆောက်အဦသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- တရားစီရင်ရေး၊ ဥပဒေအကြံပြုရေးတို့နှင့်ပတ်သက်ပြီး မှုခင်းကိစ္စများကို ဆောင်ရွက်ရာတွင် မှန်ကန်မြန်ဆန်မှုရှိစေရန်နှင့် လုံခြုံစိတ်ချစွာဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများ နှစ်အလိုက်လျာထားပြီး တရားလွှတ်တော်အဆောက်အဦများနှင့် ဥပဒေရုံးသစ်များကို လိုအပ်သည့်နေရာများတွင် တည်ဆောက်ပေးလျက်ရှိကြောင်း။
- မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် အင်္ဂလိပ်ရိုးရာဥပဒေစနစ် (Common Law System)ကို အခြေခံထားသည့်စနစ်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရ တရားစီရင်ရေးအာဏာသည် နိုင်ငံတော်၏အာဏာသုံးရပ်ထဲမှ တစ်ရပ်ပင်ဖြစ်ကြောင်း။
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်ပြီး ၎င်း၏လက်အောက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားရုံးများ၊ မြို့နယ်တရားရုံးများကို အသီးသီးဖွဲ့စည်းထားရှိကြောင်း။
- ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင်ရှိနေပြီး ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်၏အကြံပေးအကဲကို တာဝန်ခံရသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များသည်လည်း ဝန်ကြီးချုပ်များမှတစ်ဆင့် နိုင်ငံတော်၏ အကြံပေးအကဲကို တာဝန်ခံရသည်ပင်ဖြစ်ကြောင်း။
- ဗြိတိသျှအင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ကိုလိုနီပြုပြီးနောက်တွင် ၎င်းတို့၏ အင်္ဂလိပ်ရိုးရာတရားစီရင်ရေးစနစ်(Common Law System)ကို မြန်မာ့တရားစီရင်ရေးစနစ်တွင် အစားထိုးခဲ့ခြင်းဖြစ်ကြောင်း။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အဦသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးနေမှု**

- တရားစီရင်ရေးသည် မှန်ကန်မြန်ဆန်ပြီး ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးနှင့် အဂတိလိုက်စားမှု ကင်းရှင်းရေးသည်လည်း အဓိကအရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ တရားစီရင်ရာတွင် အမြန်ဆုံးတရားစီရင်ရေးသည် အမှန်ဆုံးတရားစီရင်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်သဖြင့် အမှုများကိုမြန်မြန်နှင့် မှန်မှန်ဆောင်ရွက်နိုင်ရေးအတွက် "တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့" ဖွဲ့စည်းပေးပြီး အထောက်အကူပေးဆောင်ရွက်စေလျက်ရှိကြောင်း၊ ယင်းအဖွဲ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့က ပုဂ္ဂိုလ်များလည်း ပါဝင်ဖွဲ့စည်းထားကြောင်း။
- နိုင်ငံတော်အနေဖြင့် အဆောက်အဦသစ်များကို တည်ဆောက်ပေးရသည့် ရည်ရွယ်ချက်သည် မဏ္ဍိုင်ကြီး ၃ ရပ်အား ဂုဏ်သိက္ခာရှိစွာဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရန်ဖြစ်ပြီး အရည်အချင်းပြည့်မီသည့် တရားရေးနှင့် ဥပဒေအရာရှိများကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက်လည်း ဖြစ်ကြောင်း။
- နိုင်ငံသားအားလုံးလိုလားသည့် စစ်မှန်၍စည်းကမ်းပြည့်ဝပြီး တရားမျှတသည့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန်၊ ကာကွယ်ရန်၊ မြှင့်တင်ရန်နှင့် ဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး အခြေခံလူ့အခွင့်အရေးများ ရရှိခံစားနိုင်ရန်လည်းလိုကြောင်း။
- တရားစီရင်ရေးကဏ္ဍတွင်လည်း မလိုအပ်ဘဲ ကြန့်ကြာနေသည့် တရားမမှုများ၊ ရာဇဝတ်မှုများ၊ အယူခံမှု၊ ပြင်ဆင်မှုများကို အချိန်တိုတိုအတွင်း မှန်ကန်မြန်ဆန်စွာ ပြီးမြောက်အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၃-၁-၂၀၂၂)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးနေမှု

- မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် အင်္ဂလိပ်ရိုးရာဥပဒေစနစ် (Common Law System)ကို အခြေခံထားသည့်စနစ်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တရားစီရင်ရေးအာဏာသည် နိုင်ငံတော်၏ အာဏာသုံးရပ်ထဲမှတစ်ရပ်ပင်ဖြစ်။

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်ပြီး ၎င်း၏လက်အောက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ မြို့နယ်တရားရုံးများကို အသီးသီးဖွဲ့စည်းထားရှိ။

- ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင်ရှိနေပြီး ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်၏အကြီးအကဲကို တာဝန်ခံရသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များသည်လည်း ဝန်ကြီးချုပ် များမှတစ်ဆင့် နိုင်ငံတော်၏ အကြီးအကဲကို တာဝန်ခံရသည်ပင်ဖြစ်။

- နိုင်ငံတော်အနေဖြင့် အဆောက်အဦသစ်များကို တည်ဆောက်ပေးရသည့် ရည်ရွယ်ချက်သည် မဏ္ဍိုင်ကြီး ၃ ရပ်အား ဂုဏ်သိက္ခာရှိစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်။

- တရားစီရင်ရေးကဏ္ဍတွင်လည်း မလိုအပ်ဘဲကြန့်ကြာနေသည့် တရားမမှုများ၊ ရာဇဝတ်မှုများ၊ အယူခံမှု၊ ပြင်ဆင်မှုများကို အချိန်တိုတိုအတွင်း မှန်ကန်မြန်ဆန်စွာ ပြီးမြောက်အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လို။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နို့စားနွားမွေးမြူရေးစီမံကိန်း(ထုံးဘို)နှင့် မာဘယ် ကျောက်ပြားထုတ်လုပ်ရေးစက်ရုံ(မန္တလေး)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီလ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီးရှိ နို့စားနွားမွေးမြူရေးစီမံကိန်း(ထုံးဘို)နှင့် မာဘယ်ကျောက်ပြားထုတ်လုပ်ရေးစက်ရုံ(မန္တလေး)သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဦးစွာ နို့စားနွားမွေးမြူရေးစီမံကိန်း(ထုံးဘို)သို့ ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က–

- မွေးမြူရေးစခန်းများဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်သည် နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူလူထုအား အသားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝစားသောက်နိုင်စေရေးအတွက်ဖြစ်ပြီး အမြတ်အတွက် လုပ်ဆောင်နေခြင်းမဟုတ်ကြောင်းနှင့် သက်သာချောင်ချိရေးကို အဓိကထားစဉ်းစားဆောင်ရွက်ခြင်းဖြစ်ကြောင်း။
- မန္တလေးမြို့တွင် လူဦးရေ ၁ သန်းခွဲခန့်ရှိပြီး နို့နှင့် နို့ထွက်ပစ္စည်းလိုအပ်ချက်၊ အသားလိုအပ်ချက်များကို တစ်ဖက်တစ်လှမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း။
- အရည်အသွေးပြည့်မီသည့် နို့နှင့်အသားများကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနိုင်ရမည်ဖြစ်ကြောင်း။
- ပြည်ပနိုင်ငံများမှ နို့ထွက်ပစ္စည်းတင်သွင်းနေရမှုများကို လျှော့ချပြီး ပြည်တွင်း၌ပင် လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မာဘယ်ကျောက်ပြားထုတ်လုပ်ရေးစက်ရုံ(မန္တလေး)သို့ သွားရောက်၍ စက်ရုံအတွင်း နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း အသုံးပြုမည့်ကျောက်ပြားများနှင့် ကျောက်စာချပ်များထုတ်လုပ်နေမှု အခြေအနေများ၊ မန္တလေး၊ မဟာမြတ်မုနိဘုရားကြီးနှင့် ကုသိုလ်တော်ဘုရားကြီးရင်ပြင်တော်တွင် ခင်းကျင်းမည့် နေပူခံကျောက်ပြားများ ထုတ်လုပ်နေမှုအခြေအနေများ၊ CNC Machine များကို အသုံးပြု၍ ဆင်းတုတော်များနှင့် ရုပ်တု၊ ရုပ်ထွင်းများထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုခဲ့ရာ စက်ရုံမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များမှာကြားပြီး စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၁-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာဘယ်ကျောက်ပြားထုတ်လုပ်ရေးစက်ရုံ(မန္တလေး)၌ CNC machine များကို အသုံးပြု၍ ဆင်းတုတော်များနှင့် ရုပ်တု၊ ရုပ်တွင်းများထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နို့စားနွားမွေးမြူရေးစီမံကိန်း(ထုံးဘို)အတွင်း ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုနေမှု

- မွေးမြူရေးစခန်းများဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်သည် နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူလူထုအား အသားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝစားသောက်နိုင်စေရေးအတွက်ဖြစ်ပြီး အမြတ်အတွက် လုပ်ဆောင်နေခြင်းမဟုတ်ကြောင်းနှင့် သက်သာချောင်ချိရေးကို အဓိကထားစဉ်းစားဆောင်ရွက်ခြင်းဖြစ်။
- အရည်အသွေးပြည့်မီသည့် နို့နှင့်အသားများကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနိုင်ရမည်ဖြစ်ကြောင်း။
- ပြည်ပနိုင်ငံများမှ နို့ထွက်ပစ္စည်းတင်သွင်းနေရမှုများကို လျှော့ချပြီး ပြည်တွင်း၌ပင် လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်။

# ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးနေမှု**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ကျင်းပလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၁ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက အနိုင်ရရှိခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်ခဲ့ကာ ကောင်စီအဖွဲ့ဝင်များက ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းနှင့် စတုတ္ထရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား ဆုတံဆိပ်များနှင့် ငွေသားများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၂-၁-၂၀၂၂)**

- **ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက အနိုင်ရရှိခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်ခဲ့။**

## ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား၌ တာဝန်ရှိသူများမှ ဆုချီးမြှင့်နေသည့် မှတ်တမ်းဓာတ်ပုံများ











# ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအား နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လက်မခံရှုတ်ချသွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်

ကယားပြည်နယ် လွိုင်ကော်မြို့တွင် KNPP နှင့် PDF အကြမ်းဖက်သမားများသည် အရပ်ဘက်အဆောက်အအုံများကို အကာအကွယ်ယူတိုက်ခိုက်ခဲ့ခြင်း၊ အရပ်သားများကို လူသားတံတိုင်းသဖွယ် အသုံးပြုခဲ့ခြင်း၊ အရပ်ဘက်ပစ်မှတ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့ခြင်းတို့ကြောင့် အကြမ်းဖက်မှုများကို ကျူးလွန်ခြင်းဖြစ်သည့်အတွက် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အဆိုပါအကြမ်းဖက်လုပ်ရပ်များအား လက်မခံရှုတ်ချသွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။

## သတင်းထုတ်ပြန်ချက်

မကြာမီက ကယားပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်းကို နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့က သတင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့ထုတ်ပြန်ရာတွင် အချို့ကလည်း အပြုသဘောနှင့် မျှတစွာ ဖော်ပြချက်များရှိသကဲ့သို့ အချို့ကလည်း စိစစ်အတည်ပြုနိုင်မှုမရှိသည့် သတင်းအရင်းအမြစ်များ၊ အစိုးရအား ဆန့်ကျင်တိုက်ခိုက်နေသောအဖွဲ့အစည်းများနှင့် မီဒီယာများ၊ အကြမ်းဖက်အဖွဲ့အစည်းများထံမှရရှိသည့် အချက်အလက်များကို အခြေခံပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ထားကြောင်းတွေ့ရှိရသည်။

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ၁၁-၁-၂၀၂၂ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံပိုင် သတင်းစာများတွင်လည်း ဖြစ်စဉ်မှန်ကို ရှင်းလင်းအသိပေးပြီးဖြစ်သည်။ အဆိုပါဖြစ်စဉ်သည် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မြို့တွင်းလူနေရပ်ကွက်များအတွင်း စတင်ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပြီး၊ ယင်းသို့ တိုက်ခိုက်ခဲ့ရာတွင် လူနေအဆောက်အအုံများ၊ အစိုးရပိုင်အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများကို အကာအကွယ်ယူတိုက်ခိုက်ခဲ့ကြသည်။ ယင်းတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ဒေသခံအပြစ်မဲ့ပြည်သူများ အသက်ဘေးလွတ်ရာသို့ ထွက်ခွာကြရာတွင်လည်း အကြမ်းဖက်သမားများက ထွက်ခွာခွင့်မပေးဘဲ လူသားတံတိုင်းသဖွယ် အသုံးပြုအကာအကွယ်များရယူခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်ရာတွင် အပြစ်မဲ့ပြည်သူများထိခိုက်မှုမရှိစေရန် အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့သည်။ အကြမ်းဖက်သမားများသည် လွိုင်ကော်အကျဉ်းထောင်သို့လည်း တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး မြို့တွင်း၌ ဆူပူမှုများနှင့် တည်ငြိမ်မှုပျက်ပြားစေရန် လုပ်ဆောင်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့များသည် လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများရယူခဲ့ရကာ အကြမ်းဖက်သမားများကိုသာ ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး အပြစ်မဲ့အရပ်သားများကို တိုက်ခိုက်ခဲ့ခြင်းမရှိပါ။ ယင်းဖြစ်စဉ်ကြောင့် အပြစ်မဲ့အရပ်သားများ ထိခိုက်မှုမရှိပါကြောင်းနှင့် အကျဉ်းထောင်ရှိ အဆောက်အအုံအချို့နှင့် အရပ်ဘက်အဆောက်အအုံအချို့သာ ပျက်စီးမှုရှိခဲ့ကြောင်း သိရှိရသည်။

KNPP နှင့် PDF အကြမ်းဖက်သမားများ၏ လုပ်ရပ်သည် အရပ်ဘက်အဆောက်အအုံများကို အကာအကွယ်ယူတိုက်ခိုက်ခဲ့ခြင်း၊ အရပ်သားများကို လူသားတံတိုင်းသဖွယ် အသုံးပြုခဲ့ခြင်း၊ အရပ်ဘက်ပစ်မှတ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှုများကို ကျူးလွန်ခြင်းဖြစ်သည်။ သို့ပါ၍ နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မည်သည့်ပုံစံ၊ မည်သည့်အသွင်သဏ္ဌာန်ဖြင့်မဆို ကျူးလွန်သည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံရှုံ့ချသွားရန်ဖြစ်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်။**

**(မြဝတီသတင်းစာ ၂၂-၁-၂၀၂၂)**

- ကယားပြည်နယ် လွိုင်ကော်မြို့တွင် ၁၁-၁-၂၀၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်တွင် KNPP နှင့် PDF အကြမ်းဖက်သမားများ၏လုပ်ရပ်သည် အရပ်ဘက်အဆောက်အအုံများကို အကာအကွယ်ယူတိုက်ခိုက်ခဲ့ခြင်း၊ အရပ်သားများကို လူသားတံတိုင်းသဖွယ် အသုံးပြုခဲ့ခြင်း၊ လွိုင်ကော်အကျဉ်းထောင်ကို တိုက်ခိုက်ခြင်း၊ အရပ်ဘက်ပစ်မှတ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှုများကို ကျူးလွန်ခြင်းဖြစ်သည့်အတွက် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံရှုံ့ချသွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့။
- လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်ရာတွင် အပြစ်မဲ့ပြည်သူများထိခိုက်မှုမရှိစေရန် အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့ပြီး ယင်းဖြစ်စဉ်ကြောင့် အပြစ်မဲ့အရပ်သားများ ထိခိုက်မှုမရှိဘဲ အကျဉ်းထောင်ရှိ အဆောက်အအုံအချို့နှင့် အရပ်ဘက်အဆောက်အအုံအချို့သာ ပျက်စီးမှုရှိခဲ့။

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၀ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှစ်ဖက်အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၁-၁-၂၀၂၂)**

- အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့။
- ၂၀၂၀ ပြည့်နှစ်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှစ်ဖက်အပြန်အလှန်ဆွေးနွေးခဲ့။

## အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီး အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်-၂၀၂၂ ကျင်းပ




"ASEAN–A Community of Peace and Shared Future" ခေါင်းစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၄၀)မြောက် အာဆီယံခရီးသွား လုပ်ငန်း ဖိုရမ်-၂၀၂၂ နှင့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီး အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အခမ်းအနား များကို ကမ္ဘောဒီးယားနိုင်ငံ ပရီဆီဟာနုပြည်နယ်ရှိ ဆိုခါရီဆော့ ကမ်းခြေဟိုတယ်တွင် ဇန်နဝါရီလ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီလ ၁၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး Dr.THONG KHON နှင့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံခဲ့ရာတွင်-

- ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် Implementation of Action Plan on Tourism Cooperation ၂၀၁၇-၂၀၂၀ အရ ဆီရမ်ရိ-ပုဂံ တိုက်ရိုက်လေယာဉ်ပျံသန်းရေးကိစ္စများနှင့် Action Plan သက်တမ်းတိုးမြှင့်ရေးကိစ္စ။
- မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Enchanting Myanmar Health& Safety Protocol နှင့် အာဆီယံမှ ရေးဆွဲအကောင်အထည်ဖော်မည့် ASEAN Guidelines for Hygiene and Safety ချိတ်ဆက်ကာ နိုင်ငံတကာအဆင့် အသိအမှတ်ပြုရေးကိစ္စ။
- သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအပါအဝင် ကိုဗစ်-၁၉ အလွန်ကာလ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဈေးကွက်မြှင့်တင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီလ ၁၉ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်-၂၀၂၂၊ (၂၅) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ရာ-

- ကိုဗစ်-၁၉ အလွန်ကာလ အာဆီယံခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ်၊ အာဆီယံခရီးသွားလုပ်ငန်းများ ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များ ရေးဆွဲပြီးစီးမှုနှင့် ASEAN Safe Travel Stamp ကို ဆက်လက်အကောင်အထည်ဖော်မည့်အခြေအနေကို ဆွေးနွေးခဲ့။
- အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့လျက်ရှိသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ပြန်လည်လေ့လာဆန်းစစ်ရေးကိစ္စရပ်များကို သဘောတူအတည်ပြုခဲ့။

ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲ၊ အာဆီယံခရီးသွားလုပ်ငန်းဆုများ ပေးအပ်ခြင်းအခမ်းအနား၊ အာဆီယံခရီးသွားလုပ်ငန်းပြန်လည်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အာဆီယံခရီးသွားလုပ်ငန်းအမှတ်တံဆိပ်(Logo)နှင့် အာဆီယံခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရုပ်သံမိတ်ဆက်ခြင်းအခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁-၂၀၂၂)**

- **အစည်းအဝေးများတွင် နှစ်နိုင်ငံအကြား တိုက်ရိုက်လေယာဉ်ပျံသန်းရေးကိစ္စများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအပါအဝင် ကိုဗစ်-၁၉ အလွန်ကာလ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဈေးကွက်မြှင့်တင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့။**
- **ကိုဗစ်-၁၉ အလွန်ကာလ အာဆီယံခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ်၊ အာဆီယံခရီးသွားလုပ်ငန်းများ ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များ ရေးဆွဲပြီးစီးမှုနှင့် ASEAN Safe Travel Stamp ကို ဆက်လက်အကောင်အထည်ဖော်မည့်အခြေအနေတို့ကို သဘောတူအတည်ပြုခဲ့။**

## တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၁)နှင့် တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၅) သင်တန်းဆင်းပွဲကျင်းပ



တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၁)နှင့် တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၅၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဇန်နဝါရီလ ၂၀ ရက်တွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်စစ်ရေးပြကွင်း၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မြေယျကျော်ထင်မိုးအောင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပါသည်-

- "တပ်မတော်(ရေ)ကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဟူ၍ ရည်ရွယ်တည်ဆောက်ခဲ့ပြီး ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ





**တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၁)မှ အကောင်းဆုံးကျောင်းသားဆုရရှိသူနှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရရှိသူတို့အား ဆုချီးမြှင့်ပေးအပ်နေမှု**





**တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၅)မှ အကောင်းဆုံးကျောင်းသားဆုရရှိသူနှင့် ရေကြောင်းအင်ဂျင်နီယာပညာစာပေထူးချွန်ဆုရတို့အား ဆုချီးမြှင့်ပေးအပ်နေမှု**

အပြည့်အဝအကာအကွယ်ပေးနိုင်ရန်အတွက် သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသည့် (Three Dimensional Combat Ready Navy) အဖြစ် မျှော်မှန်းပြီးတည်ဆောက်ခဲ့ရာ ရေငုပ်သင်္ဘောတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရေး၊ စစ်ရေယာဉ်များ တည်ဆောက်ဖြည့်တင်းနိုင်ရေး၊ လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကောင်းမွန်စွာ ဖြည့်တင်းဆောင်ရွက်နိုင်ရေး စသည့် ရည်ရွယ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် အဆင့်ပေါင်းများစွာ၊ ကဏ္ဍပေါင်းများစွာ စဉ်းစားပြီးပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း။"

- တပ်မတော်(ရေ)အနေဖြင့် မျှော်မှန်းချက်အမြင်နှင့် ရည်မှန်းချက်တာဝန်များအား ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကဏ္ဍဆိုသည့် ကဏ္ဍကြီး(၄)ရပ်တွင် စွမ်းရည်ပြည့်ဝစွာတာဝန်ထမ်းဆောင်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။
- ပင်လယ်ပြင်လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နိုင်ရန် နိုင်ငံတကာရေကြောင်းဥပဒေများနှင့် ပြည်တွင်းရေကြောင်းဥပဒေများကိုပါ သိရှိလိုက်နာရမည့်အပြင် စစ်ပွဲဆိုင်ရာဥပဒေ(Law of Armed Conflict) နှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement) များကိုလည်း/ သိရှိလိုက်နာ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။
- နိုင်ငံတော်လုံခြုံရေးနှင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုံအထိ အပြည့်အဝကာကွယ်နိုင်ရေးအတွက် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ်(Three Dimensional Combat Ready Navy) အဖြစ်တည်ဆောက်ရာတွင် ရဲဘော်ရဲဘက် စိတ်အပြည့်နှင့် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိအကြီးအကဲများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၁-၁-၂၀၂၂)**

- တပ်မတော်(ရေ)ကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဟူ၍ ရည်ရွယ်တည်ဆောက်ခဲ့ပြီး ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်သီးသန့် စီးပွားရေးဇုန်အထိ အပြည့်အဝအကာအကွယ်ပေးနိုင်ရန်အတွက် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိ သည့် (Three Dimensional Combat Ready Navy) အဖြစ် မျှော်မှန်းပြီးတည်ဆောက်ခဲ့။
- မျှော်မှန်းချက်အမြင်နှင့် ရည်မှန်းချက်တာဝန်များအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကဏ္ဍဆိုသည့် ကဏ္ဍကြီး(၄)ရပ်တွင် စွမ်းရည်ပြည့်ဝစွာ တာဝန်ထမ်းဆောင်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိ။
- ပင်လယ်ပြင်လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နိုင်ရန် နိုင်ငံတကာရေကြောင်းဥပဒေများနှင့် ပြည်တွင်းရေကြောင်းဥပဒေများကိုပါ သိရှိလိုက်နာရမည့်အပြင် စစ်ပွဲဆိုင်ရာဥပဒေ(Law of Armed Conflict)နှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement) များကိုလည်း သိရှိလိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်။
- နိုင်ငံတော်လုံခြုံရေးနှင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုံအထိ အပြည့်အဝကာကွယ်နိုင်ရေးအတွက် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ်(Three Dimensional Combat Ready Navy) အဖြစ်တည်ဆောက်ရာတွင် ရဲဘော်ရဲဘက် စိတ်အပြည့်နှင့် တက်ညီလက်ညီဆောင်ရွက်သွားကြရန်လို။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီတို့ video conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေး




မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(Myanmar Press Council)နှင့် ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီ(National Press Council of Thailand)တို့ ဇန်နဝါရီလ ၂၀ ရက်တွင် video conferencing စနစ်ဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ-

- သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအရှိန်မြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကျင့်ဝတ်နှင့်ညီသော သတင်းမီဒီယာသမားများကို အကာအကွယ်ပေးရေးနှင့် နှစ်နိုင်ငံသတင်းမီဒီယာသမားများအချင်းချင်း သတင်းဖလှယ်မှုများ ပိုမိုအားကောင်းလာစေရေး။
- ထိုင်းနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများရှိ မီဒီယာကောင်စီများနှင့်ပူးပေါင်း၍ သတင်းလွတ်လပ်ခွင့် ပိုမိုအားကောင်းလာစေရေးကို ဦးစားပေးဆောင်ရွက်သွားမည့်အကြောင်းများ။
- မြန်မာနိုင်ငံအတွင်းရှိ သတင်းသမားများအတွက် အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးနေခြင်း၊

သတင်းတုသတင်းမှားများ ပပျောက်စေရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြိုးစားဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးခဲ့။

ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr. Chavarong Limpattamapanee က အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌအား ဂုဏ်ပြုကြိုဆိုကြောင်းနှင့် ထိုင်းနိုင်ငံမီဒီယာကောင်စီဘက်ကလည်း လိုအပ်သည့်ကိစ္စများကို ကူညီပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် သတင်းမီဒီယာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြောကြားခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr Chavarong Limpattamapanee အပါအဝင် ကောင်စီဝင် ၉ ဦး တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဥက္ကဋ္ဌဦးအုန်းမောင်နှင့်အတူ ကောင်စီဝင်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၁-၁-၂၀၂၂)**

- **ဆွေးနွေးပွဲတွင် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျင့်ဝတ်နှင့်ညီသော သတင်းမီဒီယာသမားများကို အကာအကွယ်ပေးရေးအပါအဝင် သတင်းမီဒီယာသမားများအချင်းချင်း သတင်းဖလှယ်မှုများနှင့် သတင်းလွတ်လပ်ခွင့် ပိုမိုအားကောင်းလာစေရေးတို့ကို ဆွေးနွေးခဲ့။**
- **ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌအား လိုအပ်သည့်ကိစ္စများကို ကူညီပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် သတင်းမီဒီယာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြောကြားခဲ့။**

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် လှူဒါန်းသည့် Oxygen Plant နှင့် အဆောက်အဦ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၂၃ ရက်တွင် တတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၃၆၉ ဦးအားလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ်

ပြည်သူစုစုပေါင်း ၄၂,၉၅၂ ဦးအားလည်းကောင်း၊ ပထမ အကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၃၁,၇၄၄ ဦးအားလည်း ကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဇန်နဝါရီလ ၂၃ ရက်အထိ ဒုတိယ အကြိမ်အဖြစ် ၁,၄၁၃,၅၆၃ ဦးအားလည်းကောင်း၊ ပထမ အကြိမ်အဖြစ် ၁၂၄,၁၃၀ ဦးအား ကာကွယ်ဆေးထိုးနှံပြီး စီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ဇန်နဝါရီလ ၂၃ ရက်အထိ လူဦးရေစုစုပေါင်း ၂၁ ဒသမ ၇၅ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ် ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၈ ဒသမ ၂၅ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၅ သန်းရှိကာ မြန်မာ နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစု ပေါင်း ၄၀ သန်းထိုးနှံပြီးဖြစ်။
- ရုရှားသမ္မတနိုင်ငံမှ နှစ်နိုင်ငံချစ်ကြည်မှုအရ လှူဒါန်းခြင်း နှင့် ဝယ်ယူခြင်းမှ ရရှိထားသည့် Sputnik Light ကာကွယ် ဆေးများကို ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ၊ ရွှေပြည် သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီနှင့် အင်းစိန်မြို့နယ်တို့၌ ဇန်နဝါရီလ ၁၉ ရက်မှ ၂၀ ရက်အထိ လူဦးရေစုစုပေါင်း ၁၁,၅၉၉ ဦးအား စတင်ထိုးနှံပေးလျက်ရှိပြီး ရန်ကုန်တိုင်း ဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီး/ပြည်နယ်များရှိ ကာကွယ်ဆေးလွှမ်းခြုံမှုနည်းပါးသည့် မြို့နယ်များတွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်။
- မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံတွင် တိုင်းဒေသ ကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် လှူဒါန်းသည့် အောက်ဆီ ဂျင်စက်နှင့် အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲအခမ်း အနားကို ဇန်နဝါရီလ ၂၁ ရက်တွင် တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့။
- မြန်မာနိုင်ငံ၌ ၂၃-၁-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုး တွေ့ရှိသူစုစုပေါင်း ၁၄၆ ဦးရှိပြီး ပြည်ပမှ Relife Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၁၄၄ ဦးနှင့် ၎င်းတို့နှင့် ထိတွေ့သည့်မိသားစုဝင် ၂ ဦးတို့ဖြစ်ပါသည်။ ပြည်ပမှ ပြန် လည်ဝင်ရောက်လာသူ ၁၄၄ ဦးမှာ မြန်မာနိုင်ငံသား ၁၂၉ ဦး နှင့် နိုင်ငံခြားသား ၁၅ ဦးတို့ဖြစ်ပြီး အဆိုပါ ၁၄၄ ဦးမှာ ယူအေအီးနိုင်ငံမှ ၁၈ ဦး၊ မလေးရှားနိုင်ငံမှ ၃၀ ဦး၊ အိန္ဒိယ နိုင်ငံမှ ၆၉ ဦး၊ ထိုင်းနိုင်ငံမှ ၉ ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ ၁၂ ဦး၊ စင်ကာပူနိုင်ငံမှ ၅ ဦးနှင့် ရုရှားနိုင်ငံမှ ၁ ဦးတို့ဖြစ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင် ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင် ပြေချောမွေ့စွာတင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိ ရာ-

- ဇန်နဝါရီလ ၁ ရက်မှ ၂၂ ရက်အတွင်း အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၁ ခုမှ ယာဉ် ၂၁ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် ၁ စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် (အိုးခွံ) ၁,၁၀၀ လုံး၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် Oxygen Generator ၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၉၄၂ ခု၊ လက်အိတ် ၃၅ တန်နှင့် နှာခေါင်းစည်း(Mask) ၉၀ တန်တို့ကို တင်သွင်း နိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက် ရှိရာ ဇန်နဝါရီလ ၂၃ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၇,၇၅၇ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၂ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၄၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၃-၁-၂၀၂၂ ရက် အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၂၇၄,၁၈၅ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၄,၀၁၇ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၀ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၁-၂၀၂၂)**



ရုရှားသမ္မတနိုင်ငံမှ နှစ်နိုင်ငံချစ်ကြည်ရေးအနေဖြင့် ရရှိထားသည့် **Sputnik Light** ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနေမှု



ကသာမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု




အကောက်ခွန်ဌာနမှ ကိုဗစ်ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများအား စစ်ဆေးထုတ်ပေးနေမှု



နယ်စပ်ဂိတ်များမှ ကိုဗစ်ရောဂါကာကွယ်ရေးပစ္စည်းများအား မော်တော်ယာဉ်များဖြင့် တင်သွင်းနေမှု

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇန်နဝါရီလ ၂၃ ရက်အထိ လူဦးရေ စုစုပေါင်း ၂၁ ဒသမ ၇၅ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၈ ဒသမ ၂၅ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၅ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၄၀ သန်းထိုးနှံပြီးဖြစ်။
- ၂၃-၁-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူစုစုပေါင်း ၁၄၆ ဦးတို့မှာ ပြည်ပမှ Relief Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၁၄၄ ဦးနှင့် ၎င်းတို့နှင့် ထိတွေ့သည့်မိသားစုဝင် ၂ ဦးတို့ဖြစ်။
- ၂၃-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၂၇၄,၁၈၅ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၄,၀၁၇ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၀ ဦးဖြစ်ပြီး ၂၃-၁-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၄၄ ရာခိုင် နှုန်းရှိ။

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်



မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်တို့ကို အဓိကတင်ပို့လျက်ရှိပြီး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းတို့ကို အဓိကတင်သွင်းလျက်ရှိပါသည်။

- ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် သုံးလကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှု အမေရိကန်ဒေါ်လာ သန်း ၂,၀၀၀ ကျော်ရရှိခဲ့ရာ နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၄၁.၀၉၅ သန်းရရှိပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁,၄၅၃.၁၆ သန်းရရှိခဲ့။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် တစ်သိန်းကျော် တင်ပို့ထားပြီး လက်ရှိမြန်မာ့ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၉၈ ဒေါ်လာမှ ၄၅၀ ဝန်းကျင်အထိနှင့် ဆန်ကွဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၉၅ ဒေါ်လာမှ ၃၂၀ အထိ ဈေးနှုန်းရှိ။
- ၂၀၂၁ ခုနှစ်က ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးတို့မှတစ်ဆင့် ပြည်တွင်းမှ ဆန်နှင့်ဆန်ကွဲ တန်ချိန်သုံးသိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပြည်ပသို့ တင်ပို့မှုအများစုမှာ ဆန်ကွဲဖြစ်၍ ပြည်တွင်းစားသုံးသည့် ဆန်ဈေးကွက်ကို မထိခိုက်နိုင်။

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကုန်သွယ်မှုကန့်သတ်ချက်နှင့် အခက်အခဲများစွာရှိနေသော်လည်း မြန်မာ့ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျိန်စန်းကျော့၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီတို့တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၁-၂၀၂၂)**

- မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်တို့ကို အဓိကတင်ပို့လျက်ရှိ။
- ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် သုံးလကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှု အမေရိကန်ဒေါ်လာ သန်း ၂,၀၀၀ ကျော်ရရှိခဲ့ရာ နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၄၁.၀၉၅ သန်းရရှိပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁,၄၅၃.၁၆ သန်း ရရှိခဲ့။
- ၂၀၂၁ ခုနှစ်က ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးတို့မှတစ်ဆင့် ပြည်တွင်းမှ ဆန်နှင့် ဆန်ကွဲ တန်ချိန်သုံးသိန်းကျော် တင်ပို့နိုင်ခဲ့။
- မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုအတွက် ကျိန်စန်းကျော့၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီတို့တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ။

## ရှမ်းပြည်နယ် ပင်လောင်းနှင့် တန့်ယန်းမြို့နယ်တို့တွင် ဘိန်းခင်းများဖျက်ဆီး



လူသားမျိုးနွယ်အားလုံးကို ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဘိန်းစိုက်ပျိုးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဇန်နဝါရီလအတွင်း ဘိန်းစိုက်ခင်းဖျက်ဆီးခဲ့မှုများမှာ-

- ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ ပင်မွန်းကျေးရွာအုပ်စု ဉာဏ်ပင်ကျေးရွာ၏ ပတ်ဝန်းကျင်တွင် သီးပွင့်ဆဲဘိန်းခင်း စုစုပေါင်း ၅၅ ဧကနှင့် မြေတိုင်းကျေးရွာ၏ ပတ်ဝန်းကျင်တွင် ဘိန်းစိုက်ခင်း စုစုပေါင်း ၂၇ ဧက။
- တန့်ယန်းမြို့နယ်၊ နောင်မို (အပေါ်)ရွာ၏ မြောက်ဘက်နှစ်မိုင်ခန့်အကွာရှိ ဘိန်းစိုက်ခင်း ၁၁ ဧကခန့်တို့အား ဖျက်ဆီးခဲ့ပါသည်။

၂၀၂၁ ခုနှစ် မှ ၂၀၂၂ ခုနှစ် ဘိန်းစိုက်ရာသီကာလအတွင်း ၂၀၂၁ နိုဝင်ဘာလ ၂၈ ရက်မှ ဇန်နဝါရီလ ၂၂ ရက်ထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၃၅ ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၈၃၂.၃ ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၁၀၉.၁၉ ဧကနှင့် မကွေးတိုင်းဒေသကြီးတွင် ၃၆ ဧက ဘိန်းစိုက်ခင်း စုစုပေါင်း ၃၀၁၂.၄၉ ဧကခန့်ကို ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၂-၁-၂၀၂၂ )**

## ၂၀၂၁ ခုနှစ် မှ ၂၀၂၂ ခုနှစ် ဘိန်းစိုက်ရာသီကာလအတွင်း ဘိန်းခင်းဖျက်ပူးပေါင်းအဖွဲ့များမှ ဘိန်းစိုက်ခင်းများအား ဖျက်ဆီးနေသည့် မှတ်တမ်းဓာတ်ပုံများ













- ဇန်နဝါရီလအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ မြေတိုင်းကျေးရွာနှင့် ဉာဏ်ပင်ကျေးရွာတို့တွင် ဘိန်းစိုက်ခင်း ၈၂ ဧက ဖျက်ဆီးခဲ့။
- တန့်ယန်းမြို့နယ်၊ နောင်မိုရွာ၌ ဘိန်းစိုက်ခင်း ၁၁ ဧက ဖျက်ဆီးခဲ့။
- ၂၀၂၁ ခုနှစ် မှ ၂၀၂၂ ခုနှစ် ဘိန်းစိုက်ရာသီကာလအတွင်း ၂၀၂၁ နိုဝင်ဘာလ ၂၈ ရက်မှ ဇန်နဝါရီလ ၂၂ ရက်ထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၃၅ ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၈၃၂.၃ ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၁၀၉.၁၉ ဧကနှင့် မကွေးတိုင်းဒေသကြီးတွင် ၃၆ ဧက ဘိန်းစိုက်ခင်း စုစုပေါင်း ၃၀၁၂.၄၉ ဧက ဖျက်ဆီးခဲ့။

## လွိုင်ကော်မြို့အနီး KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှုများ ထပ်မံကျူးလွန်



**ဟိုဖိတ်ကျေးရွာအတွင်း အကြမ်းဖက်သမားများ၏ လူသားတံတိုင်းအဖြစ် အသုံးပြုခြင်းခံခဲ့ရသည့် လွိုင်ကော်မြို့ မိုင်းလုံရပ်ကွက်မှ ဦးစိုးထွေးနှင့်အမည်(စိစစ်ဆဲ)အမျိုးသမီးတစ်ဦးတို့အား ထိတ်တုံးခတ်လျက်တွေ့ရှိရမှု**

ဇန်နဝါရီ ၂၁ ရက်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့တောင်ဘက်ရှိ စံပြ(၆)မိုင် ကျေးရွာအတွင်း ခိုအောင်းရောက်ရှိ၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသော KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ချေမှုန်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ဂေါ်ရခါးကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။ ၎င်းအပြင် ဟိုဖိတ်ကျေးရွာအတွင်း ခိုအောင်းရောက်ရှိလျက်ရှိသည့် အကြမ်းဖက်အဖွဲ့များက မော်တော်ယာဉ်များအသုံးပြု၍ ဂေါ်ရခါးကျေးရွာသို့ ထပ်မံအင်အားဖြည့်တင်းနိုင်ရေး လုပ်ဆောင်လာခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးနှင့် လေကြောင်းပစ်ကူများအသုံးပြု၍ ဒေသခံပြည်သူလူထု၏ အိုးအိမ်အဆောက်အဦများ၊ အစိုးရရုံးအဆောက်အဦများ အတတ်နိုင်ဆုံး ထိခိုက်မှုမရှိစေရေး ပိုင်းဖြတ်ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

ဇန်နဝါရီလ ၂၂ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဆုတ်ခွာထွက်ပြေးသွားသော အကြမ်းဖက်အဖွဲ့များ၏ နောက်သို့ထပ်ကြပ်လိုက်လံချေမှုန်းတိုက်ခိုက်ခဲ့ပြီး ဟိုဖိတ်ကျေးရွာအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနိုင်မှုမရှိသည်အထိ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါသည်။

အကြမ်းဖက်အဖွဲ့များအား လိုက်လံတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များအတွင်း အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းရှိ လူနေအဆောက်အဦများ၊ အစိုးရအဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများ၌ ပစ်ကျင်း၊ ပစ်ကတုတ် အကာအကွယ်ပြုလုပ်၍လည်းကောင်း၊ လူနေရပ်ကွက်များအတွင်း ဆက်သွယ်ရေးမြောင်းများ၊ သဲအိတ်ဘန်ကာများ၊ ကွန်ကရစ်ဘန်ကာများ၊ ပစ်ကျင်းများပြုလုပ်၍လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တွေ့ရှိရပါသည်။




**အကြမ်းဖက်သမားများ၏ လူသားတံတိုင်းအဖြစ် အသုံးပြုခြင်းခံခဲ့ရသည့် လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်မှ ဦးစိုးထွေး၏ ထိုးကြိတ်၊ ရိုက်နှက်ထားသည့် ဒဏ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆေးဝါးကုသပေးနေမှု**

၎င်းအပြင် ဟိုဖိတ်ကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိစဉ် အကြမ်းဖက်သမားများ၏ လူသားတံတိုင်းအဖြစ် အသုံးပြုခြင်းခံခဲ့ရသည့် လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်မှ ဦးစိုးထွေး အသက်(၅၀)နှစ်နှင့် အမည်(စိစစ်ဆဲ) အသက်(၄၀)ခန့် အရွယ်ရှိ အမျိုးသမီး ၁ ဦးတို့အား ထိပ်တုံးခတ်လျက်တွေ့ရှိခဲ့ရပါသည်။ ၎င်းအမျိုးသမီးမှာ မျက်လုံးများထိုးဖောက်ထားရှိသည့်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိပြီး ဦးစိုးထွေးမှာ ထိုးကြိတ်၊ ရိုက်နှက်ထားသည့် စိုးရိမ်ရဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပါသည်။

စိစစ်ဖော်ထုတ်ချက်အရ-

- ဇန်နဝါရီလ ၁၅ ရက်တွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ လွိုင်ကော်မြို့ကို နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ရန် အစီအစဉ်ချဆောင်ရွက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် လုံခြုံရေးစစ်ကြောင်းများသည် ဇန်နဝါရီလ ၁၇ ရက်တွင် လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်၌ ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း။
- ၎င်းဖြစ်စဉ်၌ မိုင်းလုံးရပ်ကွက်နေ ဦးစိုးထွေးအား အကြမ်းဖက်အဖွဲ့များက ဒလန်အဖြစ်စွပ်စွဲကာ ဖမ်းဆီးခဲ့ပြီး နေ့စဉ်ညှင်းပမ်းနှိပ်စက်ခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း။
- လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိလာစဉ်တွင် အကြမ်းဖက်သမားများက ဖမ်းဆီးထားသူများကို လက်နက်ငယ်ဖြင့် ပစ်ခတ်၍ ဆုတ်ခွာထွက်ပြေးသွားခြင်းဖြစ်ကြောင်း။
- ၎င်းတို့နှင့်အတူ အကြမ်းဖက်အဖွဲ့က မတရားဖမ်းဆီးထားသည့် ပြည်သူ ၅ ဦးရှိပြီး ၃ ဦးကိုမူ ဇန်နဝါရီလ ၂၁ ရက်တွင် နေရာပြောင်းရွှေ့ဖမ်းဆီးခေါ်ဆောင်သွားခဲ့။
- အကြမ်းဖက်သောင်းကျန်းသူများဘက်မှ KNPP ယူနီဖောင်းဝတ်နှင့် အရပ်ဝတ်အလောင်းအချို့နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပါသည်။

KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များသည် စစ်ရေးနှင့်သက်ဆိုင်သည့်ပစ်မှတ်များမဟုတ်သော ဘာသာရေးနှင့်သက်ဆိုင်သည့် အဆောက်အဦများ၊ ပညာရေးဆိုင်ရာအဆောက်အဦများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အကာအကွယ်ယူတိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်အဆောက်အဦများမှဒေသခံပြည်သူများအား မောင်းထုတ်ခြင်း၊ ပစ်ကျင်းများ၊ ပစ်ကတုတ်များတူး၍ အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ တိုက်ပွဲတွင် ဒေသခံပြည်သူများကို အသက်အန္တရာယ်ဗုံးမှကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်းတို့ကိုလုပ်ဆောင်၍ ရည်ရွယ်ချက်ရှိစွာ တိုက်ခိုက်ခြင်းဖြစ်သောကြောင့် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ဆက်လက်ကျူးလွန်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုထိခိုက်နစ်နာမှုမရှိစေရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းစေရေးအတွက် အကြမ်းဖက်အဖွဲ့များအား ဆက်လက်ချေမှုန်းတိုက်ခိုက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၁-၂၀၂၂)**

## KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက သဲအိတ်ဘန်ကာများ၊ ပစ်ကျင်း၊ ပစ်ကတုတ်အကာအကွယ်များပြုလုပ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာများ









- လွိုင်ကော်မြို့တောင်ဘက်ရှိ စံပြ(၆)မိုင်ကျေးရွာအတွင်း KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက စစ်ရေးနှင့် သက်ဆိုင်သည့်ပစ်မှတ်များမဟုတ်သော ဘာသာရေးအဆောက်အဦများ၊ ပညာရေးဆိုင်ရာအဆောက်အဦများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ယူတိုက်ခိုက်ခြင်း၊ လူနေရပ်ကွက် အဆောက်အဦများမှ ဒေသခံပြည်သူများအား မောင်းထုတ်ခြင်း၊ ပစ်ကျင်းများ၊ ပစ်ကတုတ်များတူး၍ အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းနှင့် တိုက်ပွဲတွင် ဒေသခံပြည်သူများကို အသက်အန္တရာယ်ဖုံမှ ကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ် အသုံးချခဲ့။
- အကြမ်းဖက်သမားများ၏ လူသားတံတိုင်းအဖြစ် အသုံးပြုခြင်းခံခဲ့ရသည့် လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်မှ ဦးစိုးထွေး နှင့် အမည်(စိစစ်ဆဲ) အမျိုးသမီး ၁ ဦးတို့အား ထိပ်တုံးခတ်လျက်တွေ့ရှိ။
- ၎င်းအမျိုးသမီးမှာ မျက်လုံးများ ထိုးဖောက်ထားရှိသည့်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိပြီး ဦးစိုးထွေးမှာ ထိုးကြိတ်၊ ရိုက်နှက်ထားသည့် စိုးရိမ်ရဒဏ်ရာများဖြင့် တွေ့ရှိရ။

# ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရားခံများအား ဖမ်းဆီးရမိ

NUG အကြမ်းဖက်အဖွဲ့မှ PDF အကြမ်းဖက်အဖွဲ့ ဖွဲ့စည်း၍ တောင်ပိုင်းတိုင်း PDF အကြမ်းဖက်အဖွဲ့အား လွင်ကိုလတ်က တာဝန်ခံအဖြစ်ဆောင်ရွက်ကာ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်နှင့် ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန်အတွက် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး လွင်ကိုလတ်၏စေခိုင်းချက်အရ တရားခံမောင်ကျော်(ခ) ဖြိုးဇေယျာသော်သည် STF အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့၏ တာဝန်ခံအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်း ပကဖ အကြမ်းဖက်အဖွဲ့တာဝန်ခံအဖြစ် ဝေဖြိုးဟန်(ခ)နောင်ရိုးက ဆောင်ရွက်ပြီး အရှေ့ပိုင်းခရိုင်တာဝန်ခံ လင်းထက်(ခ)မဟူရာ၊ အနောက်ပိုင်းခရိုင်တာဝန်ခံ နေလင်းအောင်(ခ)ဖိုးကျော်၊ တောင်ပိုင်းခရိုင်တာဝန်ခံ ထက်ဇော်၊ မြောက်ပိုင်းခရိုင်တာဝန်ခံ မင်းရန်နိုင်တို့ဖြင့် ခရိုင် ၄ ခုခွဲ၍ ဖွဲ့စည်းကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများအား ပိုမိုအရှိန်မြှင့်တင်လုပ်ဆောင်စေခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များက အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နိုင်မှုမရှိစေရေး သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ်ဖမ်းဆီးခြင်းများဆောင်ရွက်လျက်ရှိရာ တရားခံ ကျား ၄၃ ဦး၊ မ ၅ ဦး ပေါင်း ၄၈ ဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ၂၈ လက်၊ လက်လုပ်သေနတ် ၂ လက်၊ ကျည်အိမ်မျိုးစုံ ၃၇ ခု၊ ကျည် မျိုးစုံ ၃,၇၇၁ တောင့်၊ အီနာဂါ ၈ လုံး၊ လက်ပစ်ဗုံး ၅ လုံး၊ နင်းမိုင်း ၂ လုံး၊ လက်လုပ်မိုင်း ၃၈ လုံး၊ အသံတိတ်ပြောင်း ၁ ခု၊ ယမ်းတောင့်မျိုးစုံ ၇၈ တောင့်၊ FCG-9 သေနတ်ထုတ်လုပ် သည့် 3D Printer စက် ၄ လုံး၊ FCG-9 သေနတ်အစိတ်အပိုင်းများ၊ ယမ်းကြိုးများ၊ ဒီတိုနေတာများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ-

- ဖမ်းဆီးရမိတရားခံများသည် KNLA တပ်မဟာ(၂)/(၅)/(၆)/(၇) နယ်မြေများတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများတက်ရောက်ခဲ့ပြီး ရန်ကုန်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်ကာ NUG အကြမ်းဖက်အဖွဲ့မှ လွင်ကိုလတ်၏ စေခိုင်းမှုဖြင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများအား လုပ်ဆောင်ခဲ့ကြောင်း။
- အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော လက်နက်/ခဲယမ်းများအား ဖမ်းဆီးရန်ကျန် NUG အကြမ်းဖက်အဖွဲ့မှ လွင်ကိုလတ်၏စေခိုင်းမှုဖြင့် ရန်ကုန်တိုင်း ပကဖ အကြမ်းဖက်အဖွဲ့တာဝန်ခံ ဝေဖြိုးဟန်(ခ)နောင်ရိုးမှ ခရိုင် ပကဖ အကြမ်းဖက်အဖွဲ့တာဝန်ခံများအား ထုတ်ပေးခဲ့ကြောင်း၊ FLA အကြမ်းဖက်အဖွဲ့အတွက် လိုအပ်သောလက်နက်/ခဲယမ်းများအား KNLA တပ်မဟာ(၇)တွင် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ဖမ်းဆီးရန်ကျန် မင်းသုတမှ မြဝတီမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း။
- လှိုင်သာယာ ပကဖ အမည်ခံ အကြမ်းဖက်အဖွဲ့သည် လှိုင်သာယာမြို့နယ်အတွင်း အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု(၆)ကြိမ် လုပ်ဆောင်ခဲ့ကြောင်း။
- အရှေ့ပိုင်းခရိုင် ပကဖ အမည်ခံ အကြမ်းဖက်အဖွဲ့အောက်ရှိမြို့နယ် ပကဖအမည်ခံ အကြမ်းဖက်အဖွဲ့များသည် လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှု(၁၀)ကြိမ်နှင့် အပြစ်မဲ့ပြည်သူအား လုပ်ကြံသတ်ဖြတ်မှု(၂)ကြိမ် လုပ်ဆောင်ခဲ့ကြောင်း။
- BRF အကြမ်းဖက်အဖွဲ့သည် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှု(၃)ကြိမ် လုပ်ဆောင်ခဲ့ကြောင်း။
- FLA အကြမ်းဖက်အဖွဲ့သည် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု(၃)ကြိမ်နှင့် အပြစ်မဲ့ပြည်သူအား လုပ်ကြံသတ်ဖြတ်မှု(၁)ကြိမ် လုပ်ဆောင်ခဲ့ကြောင်း။
- တရားခံ ဟိန်းသက်ပိုင်ကျော်သည် ဖမ်းဆီးရမိတရားခံများနှင့် ဖမ်းဆီးရန်ကျန် တရားခံများနှင့်အတူ ရန်ကုန်မြို့အတွင်း လက်လုပ်မိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှု(၅)ကြိမ် လုပ်ဆောင်ခဲ့ကြောင်း။
- လှိုင် PDF အကြမ်းဖက်အဖွဲ့သည် အပြစ်မဲ့ပြည်သူအား လုပ်ကြံသတ်ဖြတ်မှု(၇)ကြိမ် လုပ်ဆောင်ခဲ့ကြောင်း။
- တရားခံများ၏ ထွက်ဆိုချက်အရ ဝေဖြိုးဟန်(ခ)နောင်ရိုးသည် ပြည်တွင်း၊ ပြည်ပရှိ အစွန်းရောက် NLD ပါတီထောက်ခံသူအချို့ထံမှ အကြမ်းဖက်လုပ်ငန်းထောက်ပံ့ငွေများရယူကာ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် ၄ ခု တာဝန်ခံများထံသို့ အကြမ်းဖက်လုပ်ငန်းများပြီးမြောက်ပါက တိမ်းရှောင်နိုင်ရန် Save House များ ငှားရမ်းခြင်းအတွက် ငွေကြေးများထောက်ပံ့ပေးလျက်ရှိပြီး အကြမ်းဖက်လုပ်ငန်းများ

ပြုလုပ်နိုင်မှုအပေါ်မူတည်၍ ငွေကြေးများ ပိုမိုထုတ်ပေးခဲ့ကြောင်း။

- တရားခံ ငြိမ်းမြတ်သူ၏ ထွက်ဆိုချက်အရ နိဝင်ဘာလ ၉ ရက်တွင် KNLA တပ်မဟာ(၆)တွင် ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် MURM အကြမ်းဖက်အဖွဲ့ခေါင်းဆောင် မိုးသူသူအောင်(ခ)မေသက်ခိုင်မှ 3D Printer စက် ၄ လုံးအား ပို့ဆောင်ပေးခဲ့ပြီး ကောင်းမြတ်မှ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၇)ရပ်ကွက်ရှိ Safe House ၌ FCG-9 သေနတ်များအား စမ်းသပ်ထုတ်လုပ်ခဲ့ကြောင်း။
- တရားခံ နိုင်လင်းအောင်သည် KNLA တပ်မဟာ (၇) တွင် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော တရားခံများနှင့်ချိတ်ဆက်၍ မြဝတီမြို့မှ လက်နက်/ခဲယမ်းများအား သယ်ယူ/ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။
- ဖမ်းဆီးရမိတရားခံ ငြိမ်းငြိမ်းအေး(ခ)မေဘယ်သည် နိုဝင်ဘာလတွင် ဒဂုံဆိပ်ကမ်းမြို့နယ်နေ အပြစ်မဲ့ပြည်သူ ၁ ဦး လုပ်ကြံခံရမှုနှင့် ပတ်သက်သည့်သတင်းအား နိုင်လင်းအောင်၏ချိတ်ဆက်ပေးမှုဖြင့် YRG အကြမ်းဖက်အဖွဲ့ထံမှ ရရှိခဲ့ပြီး Mizzima သတင်းဌာနသို့ ပေးပို့ခဲ့ကြောင်း၊ အကြမ်းဖက်အဖွဲ့များနှင့် ပတ်သက်သည့်သတင်းများအား အယ်ဒီတာချုပ်စိုးမြင့်ထံသို့ နေ့စဉ်ပေးပို့ရကြောင်း၊ လက်နက်/ခဲယမ်းရောင်းချရန်အတွက် နိုင်လင်းအောင်အား ဖမ်းဆီးရန်ကျန် ပိုင်ရဲသူ၊ ဥက္ကာတို့နှင့် ချိတ်ဆက်ပေးခဲ့ကြောင်း။


အထက်ပါအကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်အတွက် အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု(၂၉)ကြိမ်နှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု(၁၀)ကြိမ်တို့အား ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း သတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၂၂-၁-၂၀၂၂)**

- **ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရားခံ ကျား ၄၃ ဦး၊ မ ၅ ဦး ပေါင်း ၄၈ ဦးအား လက်နက်ငယ်မျိုးစုံ ၂၈ လက်၊ လက်လုပ်သေနတ် ၂ လက်၊ ကျည်အိမ်မျိုးစုံ ၃၇ ခု၊ ကျည် မျိုးစုံ ၃,၇၇၁ တောင့်၊ အီနာဂါ ၈ လုံး၊ လက်ပစ်ဗုံး ၅ လုံး၊ နင်းမိုင်း ၂ လုံး၊ လက်လုပ်မိုင်း ၃၈ လုံး၊ အသံတိတ်ပြောင်း ၁ ခု၊ ယမ်းတောင့်မျိုးစုံ ၇၈ တောင့်၊ FCG-9 သေနတ်ထုတ်လုပ်သည့် 3D Printer စက် ၄ လုံး၊ FCG-9 သေနတ် အစိတ်အပိုင်းများ၊ ယမ်းကြိုးများ၊ ဒီတိုနေတာများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။**
- **အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်အတွက် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု(၂၉)ကြိမ်နှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု(၁၀)ကြိမ်တို့အား ကျူးလွန်ခဲ့။**
- **ဖမ်းဆီးရမိတရားခံ ငြိမ်းငြိမ်းအေး(ခ)မေဘယ်သည် နိုဝင်ဘာလတွင် ဒဂုံဆိပ်ကမ်းမြို့နယ်နေ အပြစ်မဲ့ပြည်သူ ၁ ဦး လုပ်ကြံခံရမှုနှင့် ပတ်သက်သည့်သတင်းအား နိုင်လင်းအောင်၏ချိတ်ဆက်ပေးမှုဖြင့် YRG အကြမ်းဖက်အဖွဲ့ထံမှ ရရှိခဲ့ပြီး Mizzima သတင်းဌာနသို့ ပေးပို့ခဲ့ကြောင်း၊ အကြမ်းဖက်အဖွဲ့များနှင့် ပတ်သက်သည့်သတင်းများအား အယ်ဒီတာချုပ်စိုးမြင့်ထံသို့ နေ့စဉ်ပေးပို့ရကြောင်း၊ လက်နက်/ခဲယမ်းရောင်းချရန်အတွက် နိုင်လင်းအောင်အား ဖမ်းဆီးရန်ကျန် ပိုင်ရဲသူ၊ ဥက္ကာတို့နှင့် ချိတ်ဆက်ပေးခဲ့ကြောင်း။**

# ရန်ကုန်မြို့တွင်း အကြမ်းဖက်ဖောက်ခွဲရေးပြုလုပ်လျက်ရှိသည့် တရားခံများဖမ်းဆီးရမိမှု အခြေပြဇယား



## ရန်ကုန်မြို့တွင်း အကြမ်းဖက်ဖောက်ခွဲမှုများကြောင့် ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ



လှိုင်သာယာမြို့နယ်၊ မြို့နယ်ခန်းမရှေ့၌ ပေါက်ကွဲမှု



ထန်းတပင်မြို့နယ်၊ ရိုးကြီးကျေးရွာနှင့် ရိုးလေးကျေးရွာကြားရှိ “ကမ္ဘာသစ်”ဆီဆိုင်အနီး လက်လုပ်ဗုံးပေါက်ကွဲ



ဗသက(မှော်ဘီ)မှ လုံခြုံရေးတပ်ဖွဲ့ဝင် လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရမှု



လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းနှင့် ဘူတာရုံလမ်းထိပ်၌ အပြစ်မဲ့ပြည်သူ ၁ ဦး လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရမှု



လှိုင်မြို့နယ်၊ (၅)ရပ်ကွက် ဈေး၌ ရဲတပ်ဖွဲ့ဝင် ၁ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု



လှိုင်မြို့နယ်၊(၁၅)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်းရှိ ခိုင်ကျော်ကျော်လက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူ ၁ ဦး လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရမှု

# ရန်ကုန်မြို့တွင်း၌ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ



သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ



မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ကုန်းလမ်းပို့ဆောင်ရေး ယာဉ်ရပ်နားဝင်းအတွင်း၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ



ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ



တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒီဇင်ဘာသီရိဂေဟာ၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ



သာကေတမြို့နယ်၊ ဇမ္ဗူသီရိ(၈)လမ်း၊ (၆)ရပ်ကွက်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ

# PDF အကြမ်းဖက်သမားများက စာသင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ်





တန့်ဆည်မြို့၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်း

အေးချမ်းစွာ စာသင်ကြားလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် စာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ဇန်နဝါရီလ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်နှင့် ခင်ဦးမြို့နယ်တို့တွင် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်၍ ရက်စက်စွာ သတ်ဖြတ်မှုများ ကျူးလွန်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်-

- အကြမ်းဖက်သမား အမျိုးသား ၄ ဦးက သေနတ်များကိုယ်စီကိုင်ဆောင်၍ တန့်ဆည်မြို့နယ်၊ မေတ္တာမြိုင်ရပ်ကွက်နေ ဒယ်ရောက်အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်သန်းသန်းနွဲ့ မိသားစုနေအိမ်အတွင်းသို့ ဝင်ရောက်လာပြီး သေနတ်များဖြင့် ရက်စက်စွာ ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး သမီးဖြစ်သူ၌ ယာလက်ဖျံ ကျည်ဖောက်ဝင်ဒဏ်ရာ ၁ ချက် ရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေးအတွက် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့။
- ခင်ဦးမြို့နယ်၊ ရွာသန်းကျေးရွာသို့ PDF အကြမ်းဖက်အဖွဲ့က ဝင်ရောက်လာပြီး ရွာသန်းအခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းဆရာဖြစ်သူ ဦးသန်းအောင်အား CDM မလုပ်သည့်အတွက်ကြောင့်လည်းကောင်း၊ ဦးချိုကြီးအား ဒလန်ဟု စွပ်စွဲ၍လည်းကောင်း ရက်စက်စွာ ဝိုင်းဝန်းသတ်ဖြတ်သွားခဲ့။

NUG ၏စေခိုင်းချက်ဖြင့် အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ PDF အကြမ်းဖက်သမားများအနေဖြင့် စာသင်ကျောင်းများနှင့် ကလေးသူငယ်များအား ပစ်မှတ်ထားတိုက်ခိုက်နေသည့်အပြင် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသဖြင့် ၎င်းတို့အား နိုင်ငံတကာမှ ဝိုင်းဝန်းဆန့်ကျင်ရန် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများက လိုလားလျက်ရှိပါသည်။

နယ်မြေခံပြည်သူလူထုက ထိုကဲ့သို့ အကြမ်းဖက်ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၁-၂၀၂၂)**

- **အကြမ်းဖက်သမား အမျိုးသား ၄ ဦးက သေနတ်များကိုယ်စီကိုင်ဆောင်၍ မေတ္တာမြိုင်ရပ်ကွက်နေ ဒယ်ရောက်အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်သန်းသန်းနွဲ့မိသားစုအား နေအိမ်အတွင်းသို့ ဝင်ရောက်လာပြီး သေနတ်များဖြင့် ရက်စက်စွာ ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ခဲ့။**
- **ခင်ဦးမြို့နယ်၊ ရွာသန်းကျေးရွာသို့ PDF အကြမ်းဖက်အဖွဲ့က ဝင်ရောက်လာပြီး ရွာသန်းအခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းဆရာဖြစ်သူ ဦးသန်းအောင်အား CDM မလုပ်သည့်အတွက်ကြောင့်လည်းကောင်း၊ ဦးချိုကြီးအား ဒလန်ဟုစွပ်စွဲ၍လည်းကောင်း ရက်စက်စွာ ဝိုင်းဝန်းသတ်ဖြတ်သွားခဲ့။**

---

## မင်းကင်းမြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်မှုကျူးလွန်

ဇန်နဝါရီလ ၁၈ ရက် ညပိုင်းတွင် PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ အင်အား ၄ဝ ဦးခန့်သည် လက်နက်ငယ်များ၊ တူမီးသေနတ်များကိုင်ဆောင်လျက် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ မအူကုန်း(မြောက်)ကျေးရွာသို့ ရောက်ရှိလာပြီး အဆိုပါ ကျေးရွာနေ အရပ်သားပြည်သူ အမျိုးသား ၄ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၆ ဦးအား ကျေးရွာ၏သင်္ချိုင်းဘက်သို့ ဖမ်းဆီးခေါ်ဆောင်ကာ သေနတ်၊ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အမျိုးသား ၃ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၅ ဦးသည် လည်ပင်းပြတ်ရှဒဏ်ရာ၊ ယာနားထင်ကျည်ဖောက်ထွက် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပါသည်။ ကျန်အမျိုးသား၁ ဦးသည် PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ လည်ပင်းအား ဓားဖြင့်လှီးဖြတ်စဉ် ထွက်ပြေးခဲ့ရာ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ၎င်းတွင် ဝဲဘက်ညှပ်ရိုးဖောက်ဝင်ဒဏ်ရာရရှိကာ ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး မင်းကင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိပါသည်။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ်အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ်အခြေခံကာ အေးချမ်းစွာနေထိုင်ကြသော အပြစ်မဲ့ပြည်သူများ၊ မိမိနှင့်အမြင်မတူသူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့ရက်စက်ယုတ်မာစွာ လုပ်ကြံနေမှုများကို ပြည်သူတစ်ရပ်လုံးက ကြောက်ရွံ့ ရွံရှာမုန်းတီးလျက်ရှိပြီး ၎င်းအကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် လိုလားလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်မှာ ကျေးရွာတွင် အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့အရပ်သားပြည်သူများအား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာသတ်ဖြတ်ခဲ့သော PDF အမည်ခံအကြမ်းဖက်အဖွဲ့အား နယ်မြေခံတပ်မတော်နှင့် ပူးပေါင်းကာ ပိတ်ဆို့စစ်ဆေးရှာဖွေဖော်ထုတ်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၁-၁-၂ဝ၂၂)**

- **မင်းကင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား ၄ ဦး၊ အမျိုးသမီး ၂ ဦးတို့အား ဖမ်းဆီးခေါ်ဆောင်သွားပြီး သတ်ဖြတ်ခဲ့ရာမှ အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၂ ဦးသေဆုံး၍ အမျိုးသား ၁ ဦး ဒဏ်ရာရရှိခဲ့။**

**မင်းကင်းမြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်မှုကျူးလွန်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**



ဦးရာအေး(သေဆုံး)



ဦးကျော်စံဝင်း (သေဆုံး)



ဦးကျော်နိုင်ဦး(သေဆုံး)



ဒေါ်ဌေးဌေးဝင်း (သေဆုံး)



ဒေါ်ကြည်ကြည်ဝင်း (သေဆုံး)



ဦးစိုးလင်း(ခ) တောကျီး(ဒဏ်ရာရ)

# စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၌ ခရီးသည်တင်မော်တော်ယာဉ် ၁ စီးအား PDF အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ ပင်စည်ကျေးရွာအနီး၌ PDF အကြမ်းဖက်သမား၏သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သည့်လူနာများအား ဆေးကုသရန်အတွက် ဇန်နဝါရီလ ၂၁ ရက်တွင် ဒီပဲယင်းမြို့မှ မန္တလေးမြို့သို့ ဦးစိုးသူ မောင်းနှင်သည့် ခရီးသည်တင်မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် ကြက်ခတ်ကျေးရွာအနီး၌ PDF အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ဦးစိုးသူနှင့် ယာဉ်နောက်လိုက် ၂ ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရန် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ခဲ့ပါသည်။

CRPH၊ NUG၊ PDF အကြမ်းဖက်အဖွဲ့များသည် ငါနှင့်မတူ ငါ့ရန်သူဟု သတ်မှတ်ပြီး ၎င်းတို့ကိုမထောက်ခံသည့် အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိပါသည်။ ယခုဖြစ်စဉ်တွင် PDF အကြမ်းဖက်အဖွဲ့များ၏ အစွန်းရောက်အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်သေကြေနိုင်သည်အထိ အကြောင်းမဲ့နှောင့်ယှက်ပစ်ခတ်မှုများသည် အေးချမ်းစွာ နေထိုင်လိုသော ပြည်သူကို အကြောက်တရားဖြင့်လွှမ်းမိုးရန်နှင့် တရားဥပဒေစိုးမိုးမှုပျက်ပြားအောင် ဆောင်ရွက်လျက်ရှိသော အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးနိုင်ပြီး ပြင်းထန်စွာအရေးယူဆောင်ရွက်နိုင်ရန် ပြည်သူများက လိုလားလျက်ရှိပါသည်။

ထိုကဲ့သို့ ခရီးသည်တင်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်အဖွဲ့များအား ဖော်ထုတ်အရေးယူနိုင်ရေး နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၁-၂၀၂၂)**

## PDF အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများ


**ဦးစိုးလွင်**


**ဦးစိုးသူ**


**ဦးရဲတင့်နိုင်**

- **စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၌ လူနာများသယ်ဆောင်လာသည့် ခရီးသည်တင်မော်တော်ယာဉ် ၁ စီးအား PDF အကြမ်းဖက်အဖွဲ့မှ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ယာဉ်မောင်း ဦးစိုးသူနှင့် ယာဉ်နောက်လိုက် ၂ ဦးတို့ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့။**
- **ခရီးသည်တင်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်အဖွဲ့များအား ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိ။**

## ဖောင်းပြင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးစခန်းများကို အကြမ်းဖက်သမားများက သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးစခန်းနှစ်ခုအား ဇန်နဝါရီလ ၂၂ ရက် နံနက် ၃ နာရီခွဲခန့် တွင် အကြမ်းဖက်သမားအင်အား ၁၀၀ ခန့်စီက သာလွန်အင်အားအသုံးပြု၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် တစ်ပြိုင်တည်းလာရောက်ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။

ထိုသို့သာလွန်အင်အားဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် စခန်းများအလိုက် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရွပ်ရွပ်ချံချံ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သော်လည်း အကြမ်းဖက်သမားများက အင်အားထပ်မံတိုးမြှင့်တိုက်ခိုက်လာခဲ့သည့်အတွက် စခန်းအသီးသီးမှ ခေတ္တဆုတ်ခွာပေးခဲ့ရပြီး အကြမ်းဖက်သမားများက စခန်းများအတွင်းရှိ ရုံးအဆောက်အဦတစ်လုံးနှင့် လူနေအဆောက်အဦတစ်လုံးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဖြစ်စဉ်ဖြစ်ပွားရာနေရာများသို့ တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့များဖြင့် သွားရောက်၍ စိစစ်ခဲ့ရာ ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင်အချို့နှင့် လက်နက်ငယ်အချို့ ပျောက်ဆုံးခဲ့ပါသည်။

အကြမ်းဖက်သမားများသည် ရပ်ရွာအေးချမ်းသာယာရေးကိုဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးစခန်းများကို သာလွန်အင်အားများဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်နေမှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေသည့်အပြင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုလည်း ခြိမ်းခြောက်လျက်ရှိပါသည်။

အဆိုပါဖြစ်စဉ်တွင် ပျောက်ဆုံးလျက်ရှိသော ရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ခဲယမ်းများအား ပြန်လည်ရရှိရေး၊ ဒေသအတွင်း လုံခြုံမှုရရှိစေရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၁-၂၀၂၂**

- **ဖောင်းပြင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးစခန်းများကို အကြမ်းဖက်သမားများက သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စခန်းများအတွင်းရှိ ရုံးအဆောက်အဦတစ်လုံးနှင့် လူနေအဆောက်အဦတစ်လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ရဲတပ်ဖွဲ့ဝင်အချို့နှင့် လက်နက်ငယ်အချို့ ပျောက်ဆုံးခဲ့။**

---

## အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသူများအား စစ်ခုံရုံးဖြင့် ထိရောက်သည့် ပြစ်ဒဏ်များအမိန့်ချမှတ်

အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြပြီး အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့မှုများကို လုပ်ဆောင်ခဲ့ကြသည့် ဖြိုးဇေယျာသော်(ခ)မောင်ကျော်နှင့် ကျော်မင်းယု(ခ)ဂျင်မီတို့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ ဇန်နဝါရီလ ၂၁ ရက်တွင် ၎င်းတို့ ၂ ဦးအား "သေဒဏ်" အမိန့်ချမှတ်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ တရားခံဖြိုးဇေယျာသော်(ခ)မောင်ကျော် ကျူးလွန်ခဲ့သောပြစ်မှုများမှာ-

- သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်ရှိနေအိမ်၌ လက်နက်မျိုးစုံ ၁၇၈ လက်၊ ကျည်အိမ်မျိုးစုံ ၁၃၀ ခု၊ ကျည်မျိုးစုံ ၈၅၆၀ တောင့်၊ ဗုံးသီးမျိုးစုံ ၃၂ လုံး၊ ရှေ့ထွက်မိုင်း ၆ လုံးအားလည်းကောင်း၊ (ခ/င)ရပ်ကွက်ရှိနေအိမ်၌ လက်နက်မျိုးစုံ ၃၉ လက်၊ ကျည်အိမ်မျိုးစုံ ၇၆ ခု၊ ကျည်မျိုးစုံ ၅၂၀၀ တောင့်တို့အားလည်းကောင်း သိမ်းဆည်းထားရှိခြင်းဖြင့် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်များအား လက်နက်ခဲယမ်းမီးကျောက်များကို ထောက်ပံ့မှုပြုလုပ်ရန်အတွက် သို၀ှက်သိမ်းဆည်းထားခြင်း။

- CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ လက်အောက်ခံ Moon Light Operation အဖွဲ့များနှင့် Zoom Meeting ပြုလုပ်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန်အတွက် လှုံ့ဆော်ခြင်း။
- ၎င်းတို့အား မထောက်ခံသူများ၊ လုံခြုံရေးဆောင်ရွက်နေသောတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအား ပစ်ခတ်သတ်ဖြတ်ရန်အတွက် လက်နက်ငွေးရမ်းထောက်ပံ့ပေးမှု ၃၅ ကြိမ်၊ စီစဉ်ညွှန်ကြားခဲ့မှု ၁၁ ကြိမ်။
- အစိုးရအဆောက်အဦများအား ဖောက်ခွဲဖျက်ဆီးမှု ၃၀ ကြိမ်၊ အုပ်ချုပ်ရေးမှူးရုံးများ ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနှင့် အနီးဝန်းကျင် ၂၅ ကြိမ်၊ က.ည.န ရုံးနှင့် အနီးဝန်းကျင် ၉ ကြိမ်၊ CCTV Control Box ၅ ကြိမ်၊ အများပြည်သူနှင့်ဆိုင်သောနေရာများ ၆၀ ကြိမ်၊ ဘာသာရေးအဆောက်အဦများ ၂ ကြိမ်၊ စာသင်ကျောင်း ၃ ကြိမ်၊ ယာဉ်ထိန်းရုံးများ ၁၂ ကြိမ်ပြုလုပ်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်ခြင်း။
- ပြည်ပရောက်နေသူများထံမှ အလှူငွေများကောက်ခံပြီးကောက်ခံရရှိသည့် အလှူငွေများအား အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုရန်ရည်ရွယ်၍ ဥပဒေနှင့်မညီဘဲ ငွေကြေးများထောက်ပံ့ခြင်း၊ လက်နက်/ခဲယမ်းများဝယ်ယူထောက်ပံ့ပေးခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ တရားခံကျော်မင်းယု(ခ)ဂျင်မီ ကျူးလွန်ခဲ့သော ပြစ်မှုများမှာ–

- ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၇)ရပ်ကွက်ရှိနေအိမ်၌ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်များအားထောက်ပံ့မှုပြုလုပ်ရန်အတွက် AK-47 ၆ လက်၊ M-16 ၈ လက်၊ ၁၂ ဗို့ ၂ လက်၊ တူမီး ၁ လက်၊ ကျည်အိမ်မျိုးစုံ ၁၈ ခုအားသိုဝှက်သိမ်းဆည်းထားခြင်း၊
- CRPH၊ NUG ၊ PDF အကြမ်းဖက်အဖွဲ့များ၏ လက်အောက်ခံဖြစ်သည့် Moon Light Operation အဖွဲ့များနှင့် Zoom Meeting ပြုလုပ်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ လုံခြုံရေးဂိတ်များ၊ ရဲစခန်းများ၊ ဌာနဆိုင်ရာရုံးများနှင့် နယ်မြေခံတပ်များအားတိုက်ခိုက်ဖောက်ခွဲဖျက်ဆီးရန်အတွက် အကြံပေးအဖြစ်ပါဝင်ဆောင်ရွက်ခြင်း။
- ၎င်းတို့၏ လက်အောက်ခံဖြစ်သည့် "နွေဦးကဲ့ကော်" အဖွဲ့သို့လက်နက်ခဲယမ်းများ ဝယ်ယူ/ပြုလုပ်ရန်အတွက် ငွေကြေးလွှဲပြောင်းထောက်ပံ့ပေးခြင်း။
- UMCD အဖွဲ့နှင့်ပူးပေါင်း၍ အမေရိကန်ဒေါ်လာ သိန်း ၁,၀၀၀ ခန့်တန်ဖိုးရှိ သေနတ်ထုတ်လုပ်နိုင်သည့် 3D Printer ဝယ်ယူရန် NUG အကြမ်းဖက်အဖွဲ့သို့ ဆက်သွယ်တောင်းခံခဲ့ခြင်း။

အလားတူ ဇန်နဝါရီလ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နေ သက်ကိုဦးအပါ(၄)ဦးတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေငြာထားသည့် အဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်းများအပြင် လက်နက်ခဲယမ်းများအား(သိုဝှက်သိမ်းဆည်း/ ပို့ဆောင်/ လက်ဝယ်ကိုင်ဆောင်ခြင်း)နှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများစသည့် အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)နှင့် ၅၀(ဈ)တို့အရ ၎င်းတို့ (၄)ဦးအား "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်အား အသီးသီးအမိန့်ချမှတ်ခဲ့ပါသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက်မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁/၂၂-၁-၂၀၂၂)**

**အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြပြီး အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့မှုများကို လုပ်ဆောင်ခဲ့သည့်အတွက် "သေဒဏ်" အမိန့်ချမှတ်ခံရသည့် တရားခံများ**



တရားခံ ဖြိုးဇေယျာသော်(ခ)မောင်ကျော် (သေဒဏ်)



တရားခံ ကျော်မင်းယု(ခ)ဂျင်မီ (သေဒဏ်)

**အကြမ်းဖက်အဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်းများအပြင် လက်နက်ခဲယမ်းများအား (သိုဝှက်သိမ်းဆည်း/ ပို့ဆောင်/ လက်ဝယ်ကိုင်ဆောင်ခြင်း)နှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ဆောင်ခဲ့သည့်အတွက် "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်ချမှတ်ခံရသည့် တရားခံများ**



တရားခံ သက်ကိုဦး (ထောင်ဒဏ်တစ်သက်)



တရားခံ မျိုးမင်းခိုင် (ထောင်ဒဏ်တစ်သက်)



တရားခံ နေအေး (ထောင်ဒဏ်တစ်သက်)



တရားခံ အောင်ရဲဝင့် (ထောင်ဒဏ်တစ်သက်)

- **အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့ဆက်သွယ်၍ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် တရားခံ ဖြိုးဇေယျာသော် (ခ)မောင်ကျော်နှင့် ကျော်မင်းယု(ခ)ဂျင်မီတို့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ ၎င်းတို့ ၂ ဦးအား " သေဒဏ် " အမိန့်ချမှတ်ခဲ့။**
- **လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ သက်ကိုဦးအပါ(၄)ဦးတို့သည် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေငြာထားသည့်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်းများအပြင် လက်နက်ခဲယမ်းများအား (သိုဝှက်သိမ်းဆည်း/ ပို့ဆောင်/ လက်ဝယ်ကိုင်ဆောင်ခြင်း)နှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများစသည့် အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် ၎င်းတို့(၄)ဦးအား "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်အား အသီးသီး အမိန့်ချမှတ်ခဲ့။**